Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org




## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၆ ခုနှစ်၊ ဧပြီလကုန်တွင် မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၆၄ ဦး အကျဉ်းကျခံနေရသည်။ လယ်သမား ၃၀ ဦး အပါအဝင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ၁၃၈ ဦးသည် နိုင်ငံရေး လှုပ်ရှားမှုများကြောင့် လက်ရှိအချိန်တွင် တရားရင်ဆိုင်နေရပြီး ထိုထဲမှ ၄၃ ဦးသည် ထောင်တွင်းမှနေ၍ အမှုရင်ဆိုင်နေရသည်။

## ဧပြီလ ၊ ၂၀၁၆ ခုနှစ်၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

### မာတိကာ


- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- မြေယာသိမ်းဆည်းမှုများ
- လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

၂၀၁၆ ခုနှစ်၊ ဧပြီလတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၂၃၅ ဦးသည် သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။ တက်ကြွလှုပ်ရှားသူ နှစ်ဦး ဖမ်းဆီးခံခဲ့ရပြီး ၁၆ ဦး ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ နိုင်ငံရေး အကျဉ်းသား သုံးဦးမှာ ကျန်းမာရေး ဆိုးရွားလျက်ရှိကြောင်း သိရှိရပါသည်။ ယခုလတွင် တက်ကြွလှုပ်ရှားသူ ၂၅ ဦး တရားစွဲဆိုခံခဲ့ရပြီး ထိုထဲမှ ၁၂ ဦးသည် လယ်သမားများဖြစ်သည်။

ဧပြီလ ၁ ရက်နေ့တွင် သမ္မတ ဦးထင်ကျော် ဦးဆောင်သည့် NLD အစိုးရသစ်သည် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ဧပြီလ ၆ ရက်နေ့တွင် အစိုးရသစ်မှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အခန်းကဏ္ဍကို ဖွဲ့စည်းခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ်ခန့် အပ်ခဲ့သည်။ ဧပြီလ ၇ ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပထမဆုံး ကြေငြာချက်ကို ထုတ်ပြန်ခဲ့ပြီး နိုင်ငံရေးလှုပ်ရှားမှုများကြောင့် အမှုရင်ဆိုင်နေရသော နိုင်ငံရေး အကျဉ်းသားများ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ ကျောင်းသားများနှင့် ဝန်းရံသူများ လွှတ်ပေးရေးသည် အစိုးရ၏ ပထမ ဦးစားပေး လုပ်ငန်းစဉ်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။ ထိုကြေငြာချက်ထုတ်ပြန်ပြီးနောက် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက် လာခဲ့သည်။

ဧပြီလ ၈ ရက်နေ့တွင် အစိုးရသည် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၄၉၄ ဖြင့် နိုင်ငံရေးအကျဉ်းသား ၁၉၉ ဦးအား စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းခဲ့သည်။ သို့သော်လည်း AAPP မှ ထိုလွတ်မြောက်လာသူများထဲမှ ၁၁၅ ဦးကိုသာ အတည်ပြုနိုင်ခဲ့သည်။ ထိုလွတ်မြောက်လာသူ ၁၁၅ ဦးသည် အမျိုးသားပညာရေး ဥပဒေကြမ်းအား ဆန့်ကျင်ဆန္ဒပြခြင်း၊ အလုပ်သမားအခွင့်အရေးအတွက် ဆန္ဒပြခြင်း နှင့် ၂၅ ရာခိုင်နှုန်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်တွင်းမှ နှုတ်ထွက်ပေးရေး ဆန္ဒပြခြင်း အပါအဝင် အမျိုးမျိုးသော ဆန္ဒပြမှုများအတွက် အမှုရင်ဆိုင်နေရသူများဖြစ်ပြီး ပြစ်ဒဏ်ချမှတ်ခံရခြင်းမရှိသေးပါ။ ဧပြီလ ၁၇ ရက်နေ့တွင် သမ္မတမှ ရာဇဝတ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၄၀၁(၁)ဖြင့် နိုင်ငံရေးအကျဉ်းသား ၈၃ ဦးကို လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း ကြေငြာခဲ့သည်။ AAPP မှ ထိုလွတ်မြောက်လာသူများထဲမှ ၇၀ ဦးကိုသာ အတည်ပြုနိုင်ခဲ့သည်။ ဧပြီလမကုန်မီတွင် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၄၉၄ ဖြင့် နောက်ထပ်နိုင်ငံရေးလှုပ်ရှားသူ ၄၈ ဦး၏ အမှုများကို ရုပ်သိမ်းခဲ့သည်။

ယခုလတွင် လွတ်ငြိမ်းသက်သာခွင့်များ ပေးခဲ့သော်လည်း နိုင်ငံတွင်းရှိ တရားရုံးများသည် မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇ ဖြင့် ပြစ်ဒဏ်များကို ဆက်လက်ချမှတ်ခဲ့သည်။ ရက္ခိုင့်တပ်မတော် (AA) နှင့် ဆက်သွယ်သည်ဟု စွပ်စွဲခံရခြင်းအတွက် ရခိုင်လူငယ် ၁၃ ဦးသည် ယခုလတွင် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ သို့သော်လည်း ထိုထဲမှ သုံးဦးသည် သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် ဧပြီလ ၁၇ ရက်နေ့တွင် လွတ်မြောက်လာခဲ့သည်။ ၎င်းတို့သည် ထောင်ဒဏ် သုံးနှစ်မှ ငါးနှစ်အထိ ချမှတ်ခံခဲ့ရသူများဖြစ်သည်။

ထောင်ဒဏ် နှစ်နှစ် ချမှတ်ခံထားရသော ဘာသာပေါင်းစုံချစ်ကြည်ရေး လှုပ်ရှားသူများဖြစ်ကြသည့် ကိုဇော်ဇော်လတ်နှင့် မပွင့်ဖြူလတ် တို့သည်လည်း ယခုလတွင် ထောင်ဒဏ်နှစ်နှစ် ထပ်တိုးပြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းများ၏ မျှော်လင့်ချက်များကို ဆန့်ကျင်၍ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး၏ ဦးဆောင်သူတစ်ဦးဖြစ်ခဲ့သူ ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရကို အလုပ်ကြမ်းနှင့်ထောင်ဒဏ်ခြောက်လ ချမှတ်ခဲ့သည်။ သူသည် ယခင်ထောင်ဒဏ်ကျခံခဲ့ရစဉ်က စစ်အစိုးရ၏ ညှဉ်းပမ်းနှိပ်စက်မှုကို ခံခဲ့ရ၍ စိတ်ဝေဒနာခံစားနေရသောကြောင့် ဆေးကုသမှုခံယူရန် ထိုင်းနိုင်ငံသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခဲ့ခြင်းအတွက် လူဝင်မှုကြီးကြပ် ရေးဥပဒေပုဒ်မ ၁၃(၁) ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကဲ့သို့သော လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ထိုပြစ်ဒဏ်ချမှတ်မှုအား နိုင်ငံရေးဆိုင်ရာ အကြောင်းရင်းခံကြောင့်ဟု ခေါင်းစဉ်တပ်ခေါ်ဆိုခဲ့သည်။

# ထိန်းသိမ်းခံရခြင်းများ

**တစ်ကိုယ်တော် ဆန္ဒပြသူတစ်ဦးကို ထိန်းသိမ်း**

ကျောက်ဖြူကျေးလက်ဒေသ ဖွံ့ဖြိုးရေးအသင်းမှ ဥက္ကဋ္ဌဖြစ်သူ ဦးမောင်အေး လွတ်မြောက်ရေးအတွက် တစ်ကိုယ်တော် ဆန္ဒပြသူ ကိုထွန်းမြင့်စိုးကို ကျောက်ဖြူမြို့နယ် ရဲများမှ ဧပြီလ ၁ ရက်နေ့တွင် ထိန်းသိမ်းခဲ့သည်။ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်ကျေးရွာအုပ်စု၊ ရွာသစ်ရွာတွင်နေထိုင်သူ ကိုထွန်းမြင့်စိုးသည် ဦးမောင်အေးအား ရုံးတင်စစ်ဆေးသည့် ဧပြီလ ၁ ရက်နေ့တွင် "ဦးမောင်အေးအား လွှတ်ပေးပါ၊ ဦးမောင်အေးသည် ရခိုင်အမျိုးသား အားလုံးအတွက် ဆောင်ရွက်ပေးနေသူဖြစ်၍ မည်သည့် နိုင်ငံရေးနှင့်မှ မဆိုင်ပါ၊ ရက္ခိုင့်တပ်မတော်နှင့်လည်း မဆိုင်ပါ" စသည့် စာသားများ ရေးသား ထား သော ပိုစတာကို ကိုင်ဆောင်၍ ကျောက်ဖြူမြို့နာရီစင်နားမှ ကျောက်ဖြူမြို့ တရားရုံးနှင့် ရဲစခန်းထိ ချီတက် ဆန္ဒပြခဲ့သည်။"

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်၊ နိရဉ္စရာ/မြန်မာ]

# ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရကို ထောင်ဒဏ် ခြောက်လ ချမှတ်**

ဧပြီလ ၂၆ ရက်နေ့တွင် ရွှေဝါရောင်တော်လှန်ရေး၏ ဦးဆောင်သူတစ်ဦးဖြစ်ခဲ့သူ ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရကို မဟာအောင်မြေတရားရုံးမှ အလုပ်ကြမ်း နှင့် ထောင်ဒဏ်ခြောက်လ ချမှတ်ခဲ့သည်။ ချုပ်ရက်များကို ထုတ်နုတ်ခံစားစေသောကြောင့် သူ ထောင်ဒဏ် သုံးလ ထပ်မံကျခံရမည်ဖြစ်သည်။ သူသည် ထိုင်းနိုင်ငံမှ နယ်စပ်ဖြတ်ကျော်ဝင်ရောက်၍ ငါးရက်ကြာပြီးနောက် ဇန္နဝါရီလ ၁၉ ရက်နေ့တွင် ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး ဥပဒေ ၁၃(၁) ဖြင့် ဖမ်းဆီးခံခဲ့ရသည်။ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့နှင့် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကဲ့သို့သော လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ထိုပြစ်ဒဏ်ချမှတ်မှုအား ရှုံ့ချခဲ့ပြီး နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်းခံကြောင့်ဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့် အရေးအထူးကိုယ်စားလှယ် ရမ်ဟီးလီမှလည်း ထိုစွဲချက်များသည် လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ၏ ကြေငြာစာတမ်းကို ချိုးဖောက်ကြောင်း မှတ်ချက်ပြုခဲ့သည်။ သူသည် ယခင်ထောင်ဒဏ်ကျခံခဲ့ရချိန်က စစ်အစိုးရ၏ ညှဉ်းပန်းနှိပ်စက်မှုများကြောင့် စိတ်ဒဏ်ရာခံစားနေရခြင်းအပါအဝင် စိတ်ကစဥ့်ကလျားရောဂါနှင့် အခြားစိတ်ပိုင်းဆိုင်ရာ ဝေဒနာများလည်း ခံစားနေရ သည်။

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ ဒီဗွီဘီ/မြန်မာ]

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ ဘီဘီစီ/မြန်မာ]

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ ဧရာဝတီ/မြန်မာ]

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ ဗွီအိုအေ]

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ DVB]

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်၊ ဧရာဝတီ]

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်၊ မြန်မာတိုင်း]

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်၊ ဗွီအိုအေ/မြန်မာ]

**ဘာသာပေါင်းစုံချစ်ကြည်ရေးလှုပ်ရှားသူနှစ်ဦးကို ထောင်ဒဏ် နှစ်နှစ် ထပ်တိုးပြစ်ဒဏ် ချမှတ်**

ဧပြီလ ၈ ရက်နေ့တွင် ဘာသာပေါင်းစုံ ချစ်ကြည်ရေးလှုပ်ရှားသူနှစ်ဦးဖြစ်သည့် ကိုဇော်ဇော်လတ်နှင့် မပွင့်ဖြူလတ်တို့ကို မန္တလေးမြို့၊ ချမ်းအေးသာစံမြို့ နယ် တရားရုံးမှ မတရားအသင်း အက်ဥပဒေ ၁၇(၁)ဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ်နှစ် ထပ်တိုးပြစ်ဒဏ်ချမှတ်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ကချင်ပြည်နယ်၊ စစ်ဘေးရှောင်ဒုက္ခသည်စခန်း၌ ကိုဇော်ဇော်လတ်မှ ရိုင်ဖယ်သေနတ်ကိုင်ကာ ကချင်လွတ်မြောက်ရေးတပ်မတော်အဖွဲ့ဝင်များနှင့် တွဲရိုက်ထား သည့် ဓာတ်ပုံများ၊ ၂၀၁၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်သို့သွားရောက်ခဲ့စဉ်က ရိုက်ကူးထားသည့် ဓာတ်ပုံများကို လူမှုကွန်ရက်စာမျက်နှာတွင် ဝေမျှခဲ့ခြင်းအတွက် ၎င်းတို့ကို ဒေသဆိုင်ရာ အာဏာပိုင်များမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လကတည်းက ထိန်းသိမ်းခဲ့သည်။

၎င်းတို့သည် ၂၀၁၄ ခုနှစ်တွင် အိန္ဒိယ-မြန်မာ နယ်စပ်ကို တရားမဝင်ဖြတ်ကျော်ခြင်းအတွက် ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေးဥပဒေ ၁၃(၁) ဖြင့် ထောင်ဒဏ် နှစ်နှစ်ချမှတ်ခံခဲ့ရပြီး ဖြစ်သည်။

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ ဧရာဝတီ]

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ မဇ္ဈိမ/မြန်မာ]

**ရခိုင် လူငယ်တစ်ဦးကို ပြစ်ဒဏ်ချမှတ်**

ဧပြီလ ၇ ရက်နေ့တွင် ရခိုင်လူငယ်တစ်ဦးဖြစ်သူ ကိုဘိုသန်းကို မတရားအသင်း၊ ရက္ခိုင့်တပ်မတော် (AA) နှင့်ဆက်သွယ်ခြင်းအတွက် ကျောက်တော်မြို့နယ်တရားရုံးမှ ထောင်ဒဏ် ငါးနှစ်ချမှတ်ခဲ့သည်။ ဇန္နဝါရီလ ၂၈ ရက်နေ့ ဖမ်းဆီးခံရကတည်းက သူသည် ကျောက်တော်ရဲစခန်းတွင် ထိန်းသိမ်းခံခဲ့ရသည်။ သူသည် မတရားအသင်းအက်ဥပဒေ ၁၇(၁) ဖြင့် ထောင်ဒဏ် သုံးနှစ်၊ မတရားအသင်း အက်ဥပဒေ ၁၇(၂) ဖြင့် ထောင်ဒဏ်ငါးနှစ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ပြစ်ဒဏ်များကို တစ်ပေါင်းတည်း ကျခံရမည်ဖြစ်၍ ထောင်ဒဏ် ငါးနှစ်သာ ကျခံရမည်ဖြစ်သည်။

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ နိရဉ္စရာ/မြန်မာ]

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ နိရဉ္စရာ/မြန်မာ]

**ရခိုင်လူငယ်ခြောက်ဦးကို ပြစ်ဒဏ်ချမှတ်**

ဧပြီလ ၆ ရက်နေ့တွင် ကိုဦးဘမောင်၊ ကိုမောင်ကျော်သိန်း၊ ကိုမောင်သန်းဝေ၊ ကိုထွန်းထွန်းဝင်း၊ ကိုထွန်းစိုးနိုင်နှင့် ကိုစိုးနိုင်တို့ကို ကျောက်တော်မြို့နယ် တရားရုံးမှ ထောင်ဒဏ် ငါးနှစ်စီ အသီးသီးချမှတ်ခဲ့သည်။ ၎င်းတို့သည် ရက္ခိုင့်တပ်မတော် (AA) အဖွဲ့ဝင်များဖြစ်သည်ဟု ဝန်ခံခဲ့သဖြင့် ထိုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ကြောင်း ၎င်းတို့၏ ရှေ့နေဖြစ်သူ ဦးထွန်းလှမှ ပြောကြားခဲ့သည်။

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်၊ နိရဉ္စရာ/မြန်မာ]

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ နိရဉ္စရာ]

**ရခိုင် လူငယ်ခြောက်ဦး ပြစ်ဒဏ်ချမှတ်ခံရ**

၂၀၁၅ ခုနှစ်၊ ဧပြီလကတည်းက ထိန်းသိမ်းခံထားရသော ရခိုင်လူငယ်ခြောက်ဦးသည် ရက္ခိုင့်တပ်မတော် (AA) အဖွဲ့ဝင်များဖြစ်ကြောင်း ဝန်ခံခဲ့သဖြင့် ဧပြီလ ၄ ရက်နေ့တွင် ထောင်ဒဏ် အသီးသီး ချမှတ်ခံခဲ့ရသည်။ ကိုမောင်ရွှေသီး၊ ကိုညီညီလှိုင်နှင့် ကိုဇော်မျိုးအောင်တို့ကို မတရာအသင်း အက်ဥပဒေ ၁၇/၂ ဖြင့် ကျောက်တော်မြို့နယ် တရားရုံးမှ ထောင်ဒဏ် ငါးနှစ်စီချမှတ်ခဲ့ပြီး ကိုစံအေးမောင်၊ ကိုမောင်ရွှေလုံးနှင့် ကိုစံမောင်သာတို့ကို မတရားအသင်း အက်ဥပဒေ ၁၇/၁ ဖြင့် ထောင်ဒဏ် သုံးနှစ် အသီးသီး ချမှတ်ခဲ့သည်။ ထို့နောက် ၎င်းတို့ကို စစ်တွေထောင်သို့ ပို့ဆောင်ခဲ့သည်။

ဧပြီလ ၁၇ ရက်နေ့တွင် ကိုစံမောင်သာ၊ ကိုစံအေးမောင်နှင့် ကိုမောင်ရွှေလုံးတို့

သည် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက်၊ နိရဥ္စရာ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်၊ နိရဥ္စရာ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ မဇ္ဈိမ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ နိရဥ္စရာ/မြန်မာ

# ထောင်မှလွတ်မြောက်မှုများ

**လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အမှုအများအပြား ရုပ်သိမ်း**

ဧပြီလကုန်တွင် လွတ်ငြိမ်းချမ်းသာခွင့် တစ်စိတ်တစ်ပိုင်းအနေဖြင့် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၄၉၄ ကိုအသုံးပြု၍ နောက်ထပ် နိုင်ငံရေးအကျဉ်း သား ၄၈ ဦးအား စွဲဆိုထားသော အမှုများကို ရုပ်သိမ်းခဲ့သည်။ ထို့ကြောင့် ဧပြီလတွင် ရာဇဝတ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၄၉၄ ဖြင့် စုစုပေါင်း နိုင်ငံရေးအကျဉ်းသား ၁၆၃ ဦးသည် လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့သည်။

ဧပြီလ ၂၁ ရက်နေ့တွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၂၁ ဦးကို စွဲဆိုထားသော စွဲချက်များအား ရုပ်သိမ်းခဲ့သည်။ ထိုထဲတွင် ရှေ့နေ ဦးဇော်ဝင်းနှင့် အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေး ဆန့်ကျင် ဆန္ဒပြသော ကျောင်းသားများ မြင်းခြံမြို့သို့ ရောက်ရှိချိန်တွင် နိုင်ငံတော်အလံကို ဖြုတ်ချခဲ့သည်ဟု စွပ်စွဲခံထားရသော ကျောင်းသားနှစ်ဦးဖြစ်သည့် ကိုစိုးလှိုင်နှင့် ကိုဇင်ကိုသန့်တို့ပါဝင်ခဲ့သည်။ ၎င်းတို့သုံးဦးလုံးသည် ထောင်တွင်းမှနေ၍ အမှုရင်ဆိုင် နေရသူများဖြစ်သည်။ ဦးဇော်ဝင်းသည် တစ်နှစ်နှင့် ရှစ်လ ထိန်းသိမ်းခံထားရပြီးနောက် မန္တလေး၊ အိုးဘိုထောင်မှ လွတ်မြောက်လာခဲ့သည်။ သို့သော်လည်း သူသည် တစ်ခြားစွဲချက်များဖြင့် ယခုလက်ရှိတွင် ထောင်ပြင်မှနေ၍ အမှုရင်ဆိုင်နေရသည်။

အာမခံဖြင့် လွတ်မြောက်ပြီးနောက် ထောင်ပြင်မှနေ၍ အမှုရင်ဆိုင်နေရသော ကျောင်းသား၊ လယ်သမားနှင့် လယ်ယာမြေအခွင့် အရေးလှုပ်ရှားသူ ၁၈ ဦး ၏ အမှုများအား ဧပြီလ ၂၆ ရက်နေ့တွင် ရုပ်သိမ်းခဲ့သည်။

ဧပြီလ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တို့တွင်လည်း လွတ်ငြိမ်းသက်သာခွင့်ဖြင့် နိုင်ငံရေးအကျဉ်းသား ၈ ဦး၏ အမှုများအား ရုပ်သိမ်းခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ ဧရာဝတီ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ ဗွီအိုအေ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ မြန်မာတိုင်း

၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ The Global New Light of Myanmar

AAPP Source

**နိုင်ငံရေး အကျဉ်းသား ၈၃ ဦး သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်**

ဧပြီလ ၁၇ ရက်နေ့တွင် နိုင်ငံတော် သမ္မတသည် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၄၀၁(၁) ဖြင့် နိုင်ငံရေးအကျဉ်းသား ၈၃ ဦးအား လွတ်ငြိမ်း သက်သာခွင့်ပေးခဲ့သည်။ မြန်မာနှစ်သစ်ကူး အခါသမယ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အမျိုးသား ပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတို့အား ရည်ရွယ်၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်သည်ဟု သမ္မတမှ ပြောကြားခဲ့သည်။ အကြီးတန်း ထောင်အရာရှိတစ်ဦးဖြစ်သူမှ Reuters သတင်းဌာနအား သူသိရသလောက် ယခု လွတ်မြောက်လာသူများသည် လူ့အခွင့်အရေးအဖွဲ့အစည်းများမှ နိုင်ငံရေးအကျဉ်းသားအဖြစ် သတ်မှတ်ထား သူများဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုလွတ်မြောက်လာသူများထဲတွင် စစ်တပ်၏ ဓာတုလက်နက်စက်ရုံအကြောင်းကို သတင်းရေးသားခဲ့ခြင်းအတွက် ၂၀၁၄ ခုနှစ်တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ဆယ်နှစ်ကျခံနေရသော **ယူနတီ ဂျာနယ်မှ ငါးဦး** လွတ် မြောက်ခဲ့သည်။ NLD မှ ပြန်ကြားရေး အရာရှိဟောင်း၊ စာရေးဆရာ **ထင်လင်းဦး**၊ ဆယ်စုနှစ်တစ်စုကြာ ထောင်ဒဏ်ကျခံလိုက်၊ ပြန်လွတ်လိုက်ဖြစ်နေသည့် ဒီမိုကရေစီအရေးလှုပ်ရှားသူ **ကိုထင်ကျော်**တို့ လွတ်ငြိမ်းချမ်းသာခွင့် တွင်ပါဝင်လာခဲ့သည်။ အထူးသဖြင့် တပ်တွင်းရှိ တပ်မတော်သားများ၏ ဘဝအကြောင်းကို အင်တာနက်စာမျက်နှာတွင် ဘလော့ရေးသားခဲ့ခြင်းအတွက် ဖမ်းဆီးခံခဲ့ရသော တပ်မတော်(လေ)မှ ဗိုလ်ကြီးဟောင်း **ကိုနေလင်းဒွေးနှင့်** **ကိုချစ်ကို၊** **ကိုသူရကျော်**တို့သည်လည်း လွတ်မြောက်လာခဲ့သည်။ သမ္မတဟောင်း ဦးသိန်းစိန်မှ ၂၀၁၃ ခုနှစ်အကုန်တွင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးမည်ဟု ကတိပြုခဲ့သော်လည်း ၎င်းတို့သုံးဦးအပါအဝင် နိုင်ငံရေးအကျဉ်းသား ၃၀ ဦး သည် ထိုနှစ်ကုန်တွင် လွတ်မြောက်လာခြင်းမရှိခဲ့ပါ။ ထို့ပြင် ရက္ခိုင့်တပ်မတော်အဖွဲ့ဝင်များဖြစ်သည်ဟု စွပ်စွဲခံရ၍ ၂၀၁၅ ခုနှစ်ကတည်းက ဖမ်းဆီးခံခဲ့ရပြီး ထောင်ဒဏ်ကျခံနေရသော ရခိုင်အမျိုးသားလေးဦးဖြစ်သည့် **ကိုစံအေးမောင်၊** **ကိုမောင်ရွှေ** **လုံး၊** **ကိုစံမောင်သာ**နှင့် **ကိုတင်ရွှေ**တို့သည်လည်း လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်လာခဲ့သည်။

တစ်ခြား ထင်ရှားသော အစိုးရကို ဆန့်ကျင်သူများနှင့် ၂၀၀၇ ခုနှစ်၊ ရွှေဝါရောင်တော်လှန်ရေးကို ဦးဆောင်ခဲ့သော ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရတို့မှာမူ အကျဉ်းကျခံနေရဆဲဖြစ် သည်။

***ဧပြီလ ၁၇ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသား ၇၀ ဦးလွတ်မြောက်ကြောင်း AAPP မှ အတည်ပြုနိုင်***

*AAPP မှ ဧပြီလ ၈ ရက်နေ့တွင် လွတ်မြောက်ခဲ့သူအဖြစ် မှတ်တမ်းပြုစုခဲ့သော ကိုမျိုးသူထွန်းသည် အစိုးရ၏ လွတ်မြောက်စာရင်းထဲတွင် ပြန်လည် ပါဝင်လာခဲ့သည်။ ထို့ပြင် ဇန္နဝါရီလတွင် လွတ်မြောက်ခဲ့သူများအဖြစ် AAPP မှ မှတ်တမ်းပြုစုခဲ့သော ကိုတင်စန်း၊ ကိုတင်ငွေနှင့် ကိုမြင့်ဌေးတို့ သည်လည်း အစိုးရ၏ လွတ်မြောက်စာရင်းတွင် ပြန်လည်ပါဝင်လာခဲ့သည်။ ၎င်းပြင် လားရှိုး၊ မြစ်ကြီးနား၊ သီပေါနှင့် ကော့သောင်းထောင်များမှ လွတ်မြောက်လာခဲ့သော နိုင်ငံရေးအကျဉ်းသား ၁၃ ဦး၏ အကြောင်းအရာများနှင့် စွဲချက်များကိုလည်း AAPP မှ အတည် မပြုနိုင်သေးပါ။*

၂၀၁၆ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ ဒီဗွီဘီ

၂၀၁၆ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ မဇ္ဈိမ

၂၀၁၆ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ ဗွီအိုအေ/မြန်မာ

၂၀၁၆ ခုနှစ်၊ မေ ၁၈ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ မေ ၁၈ ရက်၊ နိရဥ္စရာ
၂၀၁၆ ခုနှစ်၊ မေ ၁၉ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ မေ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

### လွတ်ငြိမ်းသက်သာခွင့်ဖြင့် ကျောင်းသားများနှင့် ဝန်းရံသူများလွတ်မြောက်

၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် အစိုးရမှ နိုင်ငံရေးအကျဉ်းသား ၁၉၉ ဦးအား လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း ကြေငြာခဲ့သည်။ လွတ်ငြိမ်းသက်သာခွင့် တစ်စိတ်တစ်ပိုင်းအဖြစ် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၄၉၄ ဖြင့် နိုင်ငံရေးအကျဉ်းသား ၁၁၅ ဦး၏ အမှုများအား ရုပ်သိမ်းခဲ့ကြောင်း AAPP မှ အတည်ပြုနိုင်ခဲ့သည်။ ၎င်းတို့အားလုံးသည် အလုပ်သမားအခွင့်အရေးအတွက် ဆန္ဒပြခြင်းနှင့် အမျိုးသားပညာရေးဥပဒေကြမ်းအား ဆန့်ကျင် ဆန္ဒပြခြင်းအပါအဝင် ဆန္ဒပြမှုအမျိုးမျိုးတွင် ပါဝင်ခဲ့ခြင်းအတွက် အမှုရင်ဆိုင်နေရသူများဖြစ်ပြီး ပြစ်ဒဏ်ချမှတ်ခံရခြင်းမရှိသေးပါ။

အမှုရုပ်သိမ်းခံခဲ့ရသော ၁၁၅ ဦးအနက် ၁၀၄ ဦးသည် အမျိုးသားပညာရေးဥပဒေ ဆန့်ကျင်ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သော တက်ကြွလှုပ်ရှားသူများဖြစ်ပြီး ၄ ဦးသည် အလုပ်သမားအခွင့်အရေး ဆန့်ကျင်ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သူများဖြစ်ကာ ၇ ဦးသည် တစ်ခြား ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သူများဖြစ်သည်။

ထို ၁၁၅ ဦးအနက် ၆၂ ဦးသည် ထောင်တွင်းမှနေ၍ အမှုရင်ဆိုင်နေရသူများဖြစ်သည်။ ထို ၆၂ ဦး အနက် ၅၂ ဦးသည် အမျိုးသားပညာရေးဥပဒေ ဆန့်ကျင် ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သူများဖြစ်သည်။ လွတ်ငြိမ်းသက်သာခွင့်၏ ရလဒ်တစ်ခုအနေဖြင့် အမျိုးသားပညာရေး ဥပဒေကြမ်းအား ဆန့်ကျင်ဆန္ဒပြမှုတွင် ပါဝင်ခဲ့ခြင်းအတွက် မည်သည့်ကျောင်းသားမှ အကျဉ်းကျခံနေရခြင်းမရှိတော့ပါ။

၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ မဇ္ဈိမ/မြန်မာ

### လွတ်ရက်စေ့သဖြင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ လက်ထောက် အတွင်းရေးမှူးလွတ်မြောက်

ဧပြီလ ၈ ရက်နေ့တွင် ကန်ကြီးထောင့်မြို့နယ်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ လက်ထောက်အတွင်းရေးမှူးဖြစ်သူ ဦးသန်းထွန်းသည် လွတ်ရက်စေ့သဖြင့် ပုသိမ်ထောင်မှ လွတ်မြောက်ခဲ့သည်။ သူသည် ဒေါ်အောင်ဆန်းစုကြည်အား လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်းအ တွက် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး ဖြင့် မတ်လ ၂၈ ရက်နေ့တွင် ကန်ကြီးထောင့်မြို့နယ်တရားရုံးမှ ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခြောက်လ ကျခံစေရန် အမိန့်ချမှတ်ခြင်းခံခဲ့ရသည်။

၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ မဇ္ဈိမ/မြန်မာ

### တစ်ကိုယ်တော် ဆန္ဒပြသူတစ်ဦး လွတ်ရက်စေ့သဖြင့် လွတ်မြောက်

အသက် ၆၁ နှစ်အရွယ်ရှိ စစ်သားဟောင်းတစ်ဦးဖြစ်သူ ဦးသက်ဝေသည် လွတ်ရက်စေ့သဖြင့် အင်းစိန်အကျဉ်းထောင်မှ ဧပြီလ ၈ ရက်နေ့တွင် လွတ်မြောက်ခဲ့သည်။ သူသည် ဗိုလ်ကြီးဟောင်း ကိုနေမျိုးဇင် လွတ်မြောက်ရေးအတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဆန္ဒပြတောင်းဆိုခဲ့သောကြောင့် ဒီဇင်ဘာလတွင်းတွင်ပင် ဖမ်းဆီးခံခဲ့ရကာ ငြိမ်းစုစီပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ် သုံးလ ချမှတ်ခံခဲ့ရသည်။
၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ ဒီဗွီဘီ/မြန်မာ

### ကချင် တက်ကြွလှုပ်ရှားသူတစ်ဦး လွတ်ရက်စေ့သဖြင့် လွတ်မြောက်

ပက်ထရစ် ကွမ်ဂျာလီသည် ထောင်ဒဏ် ခြောက်လ ကျခံခဲ့ရပြီးနောက် ဧပြီလ ၁ ရက်နေ့တွင် ထောင်မှ လွတ်မြောက်လာခဲ့သည်။ ကာကွယ်ရေး ဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ပုံအား ခြေထောက်ဖြင့် နင်းထားသည့် ဓာတ်ပုံကို လူမှုကွန်ရက်စာမျက်နှာတွင် ဝေမျှခဲ့ခြင်းအတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် သူသည် ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့် ဖမ်းဆီး ခံခဲ့ရသည်။

ပက်ထရစ် ကွမ်ဂျာလီမှ အစိုးရသစ်သည် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ရန် ဖိနှိပ်ထားသော ဥပဒေများကို ပြင်ဆင်ရန် လိုအပ်ကြောင်းလည်း ပြောဆိုခဲ့သည်။
၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဧပြီလ ၂ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ ဧပြီလ ၂ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ မဇ္ဈိမ/မြန်မာ

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**ရေပူဆရာတော်ကို သစ်တောဥပဒေ ၄၂(ခ) ဖြင့် တရားစွဲဆို**

ဧပြီလ ၂၂ ရက်နေ့တွင် ရေပူဆရာတော်အား ပြင်ဦးလွင်မြို့နယ် တရားရုံးမှ သစ်တောဥပဒေ ၄၂(ခ)ဖြင့် တရားစွဲဆိုခဲ့ပြီး ရာဇသတ်ကြီးပုဒ်မ ၂၉၅ ဖြင့် စွဲဆိုထားသော အမှုကိုမူ တရားရှင်လွှတ်ပေးခဲ့သည်။ ကျောက်မျက်ဥပဒေ ပုဒ် ၄၁(က)(ခ) အမှုကို စွဲချက်တင် အမိန့်မချမှတ်ရသေးပါ။ ဆရာတော်သည် စေတီသစ်တည်ရန် စေတီဟောင်းများကို ဖြိုဖျက်ခြင်းအတွက် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ကတည်းက လူဝတ်လဲ၍ ဖမ်းဆီး၊ ထိန်းသိမ်း ခံခဲ့ရသည်။ ဆရာတော်၏ နောက်တစ်ကြိမ်ကြားနာမှုသည် ဧပြီလ ၂၇ ရက်နေ့တွင်ဖြစ်သည်။

ရေပူဆရာတော်သည် ထင်ရှားသော တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ပြီး ၂၀၀၇ ရွှေဝါရောင်အရေးအခင်းတွင် မိုးကုတ်မြို့၌ ဆန္ဒပြခေါင်းဆောင်တစ်ဦးလည်း ဖြစ်ခဲ့သည်။ ထို့ပြင် မိုးကုတ်မြို့၏ အထင်ကရ ရေကန်အစပ်တွင် ကျောက်ကုန်သည်များအသင်း၏ ရုံးချုပ်တည်ဆောက်မှုအား ဦးဆောင်၍ ဆန့်ကျင်ဆန္ဒပြခဲ့သူလည်းဖြစ်သည်။ သူ့အား တရားစွဲဆိုမှုသည် နိုင်ငံရေးဆိုင်ရာ အကြောင်းရင်းခံများကြောင့်ဖြစ်သည်ဟု AAPP မှလက်ခံ ထားသည်။

၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ

**ဆုတောင်းပွဲ ကျင်းပခြင်းအတွက် တက်ကြွလှုပ်ရှားသူခြောက်ဦးကို တရားစွဲဆို**

ဧပြီလ ၈ ရက်နေ့တွင် တက်ကြွလှုပ်ရှားသူ ခြောက်ဦးဖြစ်သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ (အထက်ဗမာပြည်)မှ ဥက္ကဌဖြစ်သူ ကိုနေဦး၊ မုံရွာခရိုင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂမှ အဖွဲ့ဝင် ကိုမှန်ကြီး ခေါ် ကိုဖြိုးဇော်ဦး၊ လက်ပံတောင်းတောင်ကယ် ဆယ်ရေးကော်မတီမှ ကိုမြင့်အောင်နှင့် ဦးသန်းအေး၊ မုံရွာမြို့မှ တက်ကြွလှုပ်ရှားသူများဖြစ်သည့် ကိုနိုင်ထွဋ်ဦးနှင့် ကိုရာဇာတို့ကို ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) ဖြင့် မုံရွာမြို့နယ်တရားရုံးမှ တရားစွဲဆိုခဲ့သည်။ ၎င်းတို့သည် နိုဝင်ဘာလ ၆ ရက်မှ ဒီဇင်ဘာလ ၇ ရက်နေ့ထိ မုံရွာမြို့၊ ရွှေစည်းခုံဘုရားတွင် ထိန်းသိမ်းခံထားရသော ကျောင်းသားများ လွတ်မြောက်ရေးနှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဆုတောင်းပွဲ ကျင်းပခဲ့ကြ၍ ထိုသို့ တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။

ဧပြီလ ၈ ရက်နေ့ ကြားနာမှုသို့ ဦးသန်းအေးတစ်ဦးသာ တက်ရောက်ခဲ့ပြီး ထိုနေ့တွင်ပင် သူ ဖမ်းဆီးခံခဲ့ရကာ မုံရွာထောင်သို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ ကျန်သူများသည် တရားစီရင်ရေးစနစ်ကို အယုံအကြည်မရှိခြင်းနှင့် ပုဒ်မ ၅၀၅(ခ) သည် မတရားသော ပုဒ်မဖြစ်ခြင်းတို့ကြောင့် တရားရုံးသို့ မသွားခဲ့ပါ။ ထို့ကြောင့် ၎င်းတို့အား တရားခံပြေးအဖြစ် ကြေငြာခဲ့သည်။ ဧပြီလ ၂၀ ရက်နေ့တွင် ဦးသန်းအေးအား ရုံးတင်စစ်ဆေးခဲ့ပြီး တရားသူကြီးမှ သူ့အား အာမခံပေးခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်၊ မုံရွာခရိုင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ၏ လူမှုစာမျက်နှာ

**ပိုင်နက်ကျူးလွန်မှုဖြင့် လယ်သမားရှစ်ဦး တရားစွဲဆိုခံရ**

ဧပြီလ ၈ ရက်နေ့တွင် နေပြည်တော် စီမံကိန်း နယ်မြေအား ကျူးကျော်ခြင်းအတွက် လယ်သမားရှစ်ဦးအား နေပြည်တော် စည်ပင်သာယာတရားရုံးမှ တရားစွဲဆိုခဲ့သည်။ ၎င်းတို့သည် နေပြည်တော်စည်ပင်သာယာရေးအက်ဥပဒေ ပုဒ်မ ၂၆ ကို ချိုးဖောက်သည်ဟု စွပ်စွဲခံခဲ့ရကာ ဧပြီလ ၂၈ ရက်နေ့တွင် နေပြည်တော် စည်ပင်သာယာတရားရုံးသို့ သို့လာရောက်ရန် ဇမ္ဗူသီရိမြို့နယ်တရားရုံးမှ ဆင့်ခေါ်ခြင်း ခံခဲ့ရသည်။

လယ်ယာမြေ ငါးကေနီးပါး သိမ်းဆည်းခံထားရသော ဦးတင်ဝင်းမှ ၂၀၀၉ ခုနှစ်တွင် နေပြည်တော်စီမံကိန်းအတွက် ၎င်းတို့၏ လယ်ယာမြေများ သိမ်းဆည်းခံခဲ့ရပြီး သီးနံ့လျော်ကြေးအဖြစ် တစ်ဧကကို သုံးသိန်းခွဲ ရရှိခဲ့သည်၊ ၂၀၁၅ ခုနှစ်ကုန်ခါနီးတွင် နေပြည်တော် စည်ပင်သာယာမှ စီမံကိန်းနယ်မြေထဲရှိ ကျန်ရှိသော လယ်ယာမြေများကို ရောင်းချခဲ့သည်၊ ထို့ကြောင့် ၎င်းတို့မှ စီမံကိန်းအတွက် အသုံးမပြုသည့် ကျန်ရှိနေသော လယ်ယာမြေများကို ခြံခတ်ခဲ့၍ ပိုင်နက်ကျူးလွန်မှု၊ နေပြည်တော်စည်ပင်သာယာအက်ဥပဒေ ပုဒ်မ ၂၆ ဖြင့် တရားစွဲဆိုခံခဲ့ရသည်ဟု ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ

# မြေယာသိမ်းဆည်းမှုများ

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အငြင်းပွားဖွယ် လယ်ယာမြေကိစ္စဆွေးနွေး**

လယ်ယာမြေသိမ်းယူခြင်းကို ဆန့်ကျင်ဆန္ဒပြခြင်းအတွက် အမှုရင်ဆိုင်နေရသော လယ်သမားများ၊ ပြစ်ဒဏ်ချမှတ်ခံထားရသော လယ်သမားများကို လွတ်ငြိမ်းချမ်းသာ ခွင့်ပေးရန် နေပြည်တော်ကော်စီဥက္ကဋ္ဌအား တင်ပြသွားမည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းမှ ပြောကြား ခဲ့သည်။ ထို့ပြင် လယ်သမားများ ၎င်းတို့၏ လယ်ယာမြေများပြန်လည်ရရှိရေး သို့မဟုတ် သင့်လျော်သော လျော်ကြေးငွေ ရရှိရေးအတွက်လည်း ဆောင်ရွက်သွားမည်ဟု ပြောကြား ခဲ့သည်။

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ လွတ်လပ်သော အာရှအသံ](#)

[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ](#)

# လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ

**အထက်လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ဥပဒေများကို ပြန်လည်ဝေဖန်ဆန်းစစ်ခြင်း စတင်**

ဧပြီလ ၂၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ လူ့အခွင့်အရေးလှုပ်ရှားသူများ ဝေဖန်လျက်ရှိသော နိုင်ငံရေးလှုပ်ရှားသူများကို ဖမ်းဆီး၊ ထိန်းသိမ်း၊ ထောင်ချရာတွင် အသုံးပြုသည့် အငြင်းပွားဖွယ်ဥပဒေများအား ပြန်လည်ဝေဖန်ဆန်းစစ်ခြင်းကို စတင်ခဲ့သည်။ အရေးပေါ်စီမံချက် အက်ဥပဒေ နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေတို့အား ဦးစွာဝေဖန်သုံးသပ်ခဲ့ကြသည်။ ကော်မတီမှ လွှတ်တော်သို့ ထိုဥပဒေများကို ပြင်ဆင် ဖြည့်စွက်ရန် သို့မဟုတ် ဖျက်သိမ်းရန် အဆိုတင်သွင်းသွားမည်ဖြစ်သည်။
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ ဧရာဝတီ]
[၂၀၁၆ ခုနှစ်၊ ဧပြီလ၊ အီးလဲဗင်း]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်၊ ဧရာဝတီ/မြန်မာ]

**လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသား အရေအတွက်စာရင်းကို အသေးစိပ်ဖော်ပြပေးရန် နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့ တောင်းဆို**

အစိုးရသစ်လက်ထက်တွင် လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်ပြီး ပိုမို၍ ပွင့်လင်းမြင်သာမှုရှိရန် နိုင်ငံရေးအကျဉ်းသား ဟောင်းများအဖွဲ့မှ အတွင်းရေးမှူးဖြစ်သူ ဦးထွန်းကြည်မှ တောင်းဆိုခဲ့သည်။ ယခင်အစိုးရလက်ထက်တွင် လွတ်မြောက်ခဲ့သော နိုင်ငံရေးအကျဉ်းသား များအား ထပ်မံကြေငြာခြင်းမှ ရှောင်ရှားနိုင်ရန် အစိုးရ၏ စာရင်းနှင့် ၎င်းတို့၏ စာရင်းအား အစိုးရသစ်မှ တိုက်ဆိုင်စစ်ဆေးသင့်ကြောင်း ပြောကြားခဲ့သည်။
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ အီးလဲဗင်း]

**နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီစဉ်ဆောင်ရွက်**

ဧပြီလ ၇ ရက်နေ့တွင် နိုင်ငံတော် အတိုင်ပင်ခံရုံးမှ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လက်မှတ်ဖြင့် ပထမဆုံး ကြေငြာချက် တစ်စောင်ထုတ်ပြန်ခဲ့ပြီး အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးလှုပ်ရှားသူများ၊ ကျောင်းသားများ နှင့် ဝန်းရံသူများ လွတ်မြောက်ရေးသည် အစိုးရ၏ ပထမဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့် ဆက်နွယ်၍ အမှုရင်ဆိုင်နေရသော ကျောင်းသားများ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ထိုကြေငြာချက်ထဲတွင် ထည့်သွင်းဖော်ပြထားသည်။

ထိုအကျဉ်းသားများ လွတ်မြောက်ရေးအတွက် အစိုးရမှ နည်းလမ်း သုံးသွယ်ကို ပြဋ္ဌာန်းထားရှိကြောင်းကို ဖော်ပြထားသည်။ ပထမနည်း လမ်းတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁(၁) ပါပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတမှ ပြစ်ဒဏ်ကျခံနေရသူအား စည်းကမ်းချက်ထား၍ ဖြစ်စေ၊စည်းကမ်းချက်မထားပဲဖြစ်စေ လွတ်ငြိမ်းသက်သာခွင့်ပေးနိုင်သည်၊ ဒုတိယနည်းလမ်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၀၄(ခ) ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတသည် အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ၏ ထောက်ခံချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည်၊ တတိယနည်းလမ်းတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၄ အရ စီရင်ချက်မချရသေးသော အကျဉ်းသားများ၏ အမှုများကို အစိုးရရှေ့နေမှ ရုပ်သိမ်းနိုင်သည်ဟု ဖော်ပြထားသည်။
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်၊ မြန်မာတိုင်း]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်၊ လွတ်လပ်သော အာရှအသံ]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်၊ ဧရာဝတီ]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်၊ Coconuts Yangon]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်၊ ဘီဘီစီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်၊ ဘီဘီစီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ရက်၊ မဇ္ဈိမ]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ရက်၊ အီးလဲဗင်း]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ရက်၊ မြန်မာတိုင်း]

**ကိုပါကြီး သေဆုံးမှု အမှုပိတ်သိမ်း**

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် စစ်တပ်၏ စစ်ကြောရေးစခန်းတွင် သေဆုံးသွားခဲ့သော ကိုပါကြီး၏ အမှုအား မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် ရဲစခန်းမှ ပိတ်သိမ်းခဲ့သည်။ ကိုပါကြီး၏ ရုပ်အလောင်းအား ရင်ခွဲစစ်ဆေးခဲ့သည့် သက်သေအထောက်အထားများရှိသော်လည်း ထိုအမှုသည် ပိတ်သိမ်း ခံခဲ့ရသည်။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကိုပါကြီး၏ ရုပ်အလောင်းကို ရင်ခွဲစစ်ဆေးခဲ့ရာ ဦးခေါင်းတွင် သေနတ်ဒဏ်ရာ တစ်ချက်၊ သေနတ်ဒဏ်ရာ ကြောင့် မေးရိုးပြုတ်ထွက်ခြင်းနှင့် နံရိုးများကျိုးကြေခြင်းအပါအဝင် သူ၏ ခန္ဓာကိုယ်ပေါ်တွင် သေနတ်ဒဏ်ရာ ငါးချက်တွေ့ရှိခဲ့သည်။

ရဲများ၏ အဆိုအရ အမှုကို မှားယွင်းမှုဖြင့် ပိတ်သိမ်းခဲ့ကြောင်း သိရှိရသည်။ ကိုပါကြီး၏ ဇနီးဖြစ်သူ မသန္တာမှ ဥပဒေကြောင်းအရ အမှုအား ပြန်ဖွင့်မည်ဖြစ်ပြီး သူမ၏ခင်ပွန်းအတွက် တရားမျှတမှုရရှိစေရန် ဆောင်ရွက်မည်ဟု ပြောကြားခဲ့သည်။ မသန္တာ၏ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်နေသူ ရှေ့နေဦးရောဘတ်စန်းအောင်မှလည်း စုံစမ်းစစ်ဆေးမှုအား ပိတ်သိမ်းရန်ဆုံးဖြတ်ချက်ကို သဘောမတူပဲ ထိုအခြင်းအရာသည် သက်သေအထောက်အ ထားများအား အလေးမထားခြင်းဖြစ်ပြီး ဥပဒေကြောင်းအရ မှန်ကန်မှုမရှိခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။
[၂၀၁၆ ခုနှစ်၊ မတ်လ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်၊ ဒီဗွီဘီ]

# နိဂုံးချုပ်နှင့်သုံးသပ်ချက်

ဧပြီလတွင် နိုင်ငံရေးလှုပ်ရှားမှုများကြောင့် အမှုရင်ဆိုင်နေရသော တက်ကြွလှုပ်ရှားသူများကို ဆန့်ကျင်၍ စွဲဆိုထားသော စွဲချက် ၁၆၃ ခု အား ရုပ်သိမ်းခဲ့ပြီး နိုင်ငံရေးအကျဉ်းသား ၇၀ ဦးတို့အား သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးခဲ့သည်ကို တွေ့မြင်နိုင်သည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ ကို လွှတ်ပေးခြင်းသည် နိုင်ငံတွင်း ဒီမိုကရေစီကျင့်သုံးခြင်းဆိုင်ရာ လုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ် သော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး နိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှု များကို ကိုင်တွယ်ဖြေရှင်းရန်နှင့် နိုင်ငံရေးဆိုင်ရာ ဖမ်းဆီး၊ ထောင်ချမှု များကို ဖြိုခွင်းရန်အစိုးရသစ်၏ ကတိပြုမှုကို ပြသခြင်းဖြစ် သည်ကို လည်း တွေ့မြင်နိုင်ည်။

ထိုလွတ်မြောက်ခြင်းများသည် ယခုလတွင် အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်သော်လည်း နိုင်ငံရေးအကျဉ်းသား ၆၄ ဦးသည် အကျဉ်းကျခံနေရဆဲဖြစ်ပြီး နိုင်ငံရေးတက်ကြွလှုပ်ရှားသူအများစုသည် ၎င်းတို့၏ နိုင်ငံရေးလှုပ်ရှားမှုများအတွက် ဆက်လက်၍ အမှုရင်ဆိုင် နေရသည်။ အကျဉ်းကျခံနေသူများထဲမှ အများစုသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များဖြစ်ပြီး မတရားအသင်း အက်ဥပဒေဖြင့် စွဲချက်တင်၊ အမိန့် ချမှတ်ခံထားရသူများဖြစ်သည်။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်၍ ယခုလတွင် နိုင်ငံရေး အကျဉ်းသားများကို လွှတ်ပေးခြင်းဖြစ်ပြီး ထိုအရာကို အပြည့်အဝရရှိရန် နိုင်ငံရေးလှုပ်ရှားမှု စွဲချက်များဖြင့် ပြစ်ဒဏ်ချမှတ်ခံထားရသော၊ အမှုရင် ဆိုင်နေရသော ကျန်ရှိနေသည့် တက်ကြွလှုပ်ရှား သူများကို ခြွင်းချက်မရှိ အမြန် ဆုံးလွှတ်ပေးရေးသည်လည်း အရေးကြီးသည်။

နိုင်ငံရေး တက်ကြွလှုပ်ရှားသူများကို ထိန်းသိမ်းရန် အသုံးပြုနေသည့် ဖိနှိပ်ထားသော ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ရေးနှင့် ဖျက်သိမ်းရေး သည် အစိုးရသစ်၏ အရေးကြီးသောလုပ်ငန်းစဉ်တစ်ခုအဖြစ် ဆက် လက်ရှိနေသည်။ ယခုလတွင် တက်ကြွလှုပ်ရှားသူ ၂၁ ဦးသည် ၎င်းတို့၏ အခွင့်အရေး များရရှိရန် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းအတွက် တရားစွဲဆိုခံခဲ့ရသည်။ နိုင်ငံတွင်း ဖိနှိပ်ထားသော၊ ခေတ်နောက် ကျနေသော တရားရေးစနစ် ဆက်လက်ရှိနေသရွေ့ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည် ငြိမ်းချမ်းသော လှုပ်ရှားမှုများအတွက် ဖမ်းဆီးခံရမှုနှင့် ထောင်ဒဏ် ချမှတ်ခံရမှု အန္တရာယ်များ ဆက်လက်ရှိနေမည်ဖြစ်သည်ကို ထိုအခြင်း အရာမှ ပြသနေသည်။

မတရားအသင်းအက်ဥပဒေဖြင့် ပြစ်ဒဏ်ချမှတ်မှုများ ဆက်လက်ရှိ နေဆဲဖြစ်ပြီး ယခုလတွင် ထိုဥပဒေဖြင့် ရခိုင်အမျိုးသား ၁၃ ဦးနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ရေးလှုပ်ရှားသူနှစ်ဦးကို ပြစ်ဒဏ်ချမှတ်ခဲ့ သည်။ ထိုဥပဒေအား ဆက်လက်အသုံးပြုနေခြင်းသည် တရားရေးစနစ် အရေးပေါ် ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်း ညွှန်းဆိုပြနေပြီး တိုင်းရင်းသားလူမျိုးစုများအား ဖိနှိပ်ထားကြောင်းလည်း ညွှန်းဆိုပြ နေသည်။

ထိုမျှသာမက ရေပူဆရာတော်အား စွဲချက်တင်ခြင်းနှင့် ဦးညီညီလွင် ခေါ် ဦးဂျမ္ဘီရအား ပြစ်ဒဏ်ချမှတ်ခြင်းတို့သည် ၎င်းတို့နှစ်ဦးသည် ငြိမ်းချမ်း စွာ ဆန္ဒပြမှုများတွင် ပူးပေါင်းပါဝင်ခြင်းအတွက် ယခင်က ပြစ်ဒဏ်ချမှတ် ခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားဟောင်းများဖြစ်ခြင်း နှင့် အာဏာပိုင်များမှ နိုင်ငံရေး အကျဉ်းသားဟောင်းများအား ဆက်လက်၍ မလိုမုန်းထားမှုရှိနေဆဲ ဖြစ်ခြင်းကို ပြသနေသည်။ ထို့ကြောင့် တက်ကြွလှုပ်ရှားသူများကို ထိန်းသိမ်း ရန် အာဏာပိုင်များမှ မတရား အလွဲသုံးစား အသုံးပြုနေသည့် ဥပဒေများကို အဆုံးသတ်ရန်အတွက် တရားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုရှိရန် လိုအပ် သည်။

ဧပြီလ ၂၆ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ထိုကိစ္စကို စတင်ကိုင်တွယ်ဖြေရှင်းခဲ့ပြီး နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများကို ထိန်းသိမ်းရန် အသုံးပြုနေသည့် အငြင်းပွားဖွယ်ရာ ဥပဒေများကို ပြန်လည် ဝေဖန်ဆန်းစစ်ခဲ့သည်။ အရေးပေါ်စီမံခန့်ခွဲရေးအက်ဥပဒေနှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အက်ဥပဒေများကို ဦးစွာ ဝေဖန်ဆန်းစစ်ခဲ့ကြသည်။ ကော်မတီမှ ထိုဥပဒေများကို ပြင်ဆင်ဖြည့်စွက်ရန် သို့မဟုတ် ဖျက်သိမ်းရန် ဆုံးဖြတ်လိမ့် မည်ဖြစ်ပြီး ၎င်းတို့၏ အဆိုပြုချက်များအား လွှတ်တော်တွင်းသို့ တင်သွင်း မည်ဖြစ်သည်။ လူထုအခြေပြုအဖွဲ့အစည်းများ ထိုဆွေးနွေးပွဲများတွင် ပါဝင်ရန် အရေးကြီးပြီး ထိုလုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုရှိရန်လည်း အရေးကြီး သည်။

AAPP မှ နိုင်ငံတွင်း မည်သည့်နိုင်ငံရေးအကျဉ်းသားမျှ မရှိသည့်တိုင်အောင် နိုင်ငံရေးအကျဉ်းသားကို ဆက်လက် လွှတ်ပေးရန် မျှော်လင့်လျက်ရှိသည်။ သို့ သော်လည်း နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ကျန်းမာရေး ပြဿနာများ နှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရန် အတားအဆီးများကို ရုန်းကန် ရင်ဆိုင် နေရသည်။ အစိုးရသည် ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း အစီအစဉ်များကို စတင်စီစဉ်ရန် မုချလိုအပ်ပြီး နိုင်ငံရေးအကျဉ်းသားဟောင်း များ၏ ဘဝများ ပြန်လည်တည်ဆောက်ရန် ပံ့ပိုးပေးသည့် ဥပဒေများကို စတင်ရန်လည်း မရှိမဖြစ်လိုအပ်သည်။ ထိုအရာ၏ တစ်စိတ်တစ်ပိုင်း အနေဖြင့် တရားဝင် နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် နိုင်ငံရေးအကျဉ်းသား အသိအမှတ်ပြုရေးသည် လိုအပ်သည်။

# အရေးပါသော ဆက်စပ်သတင်းများ ဖတ်ရန် Links

## ဧပြီလ ၁ ရက်

*တစ်ကိုယ်တော် ဆန္ဒပြသူတစ်ဦးကို ရဲမှထိန်းသိမ်း၊ နိရှုရာ/မြန်မာ*
*ကချင် တက်ကြွလှုပ်ရှားသူတစ်ဦး လွတ်ရက်စေ့သဖြင့် လွတ်မြောက်၊ မြန်မာတိုင်း*
*ကချင် တက်ကြွလှုပ်ရှားသူတစ်ဦး လွတ်ရက်စေ့သဖြင့် လွတ်မြောက်၊ ဧရာဝတီ*
*ကချင် တက်ကြွလှုပ်ရှားသူတစ်ဦး လွတ်ရက်စေ့သဖြင့် လွတ်မြောက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ*
*ကချင် တက်ကြွလှုပ်ရှားသူတစ်ဦး လွတ်ရက်စေ့သဖြင့် လွတ်မြောက်၊ မဇ္ဈိမ/မြန်မာ*
*ကိုပါကြီး သေဆုံးမှု အမှုပိတ်သိမ်း၊ ဒီဗွီဘီ*

## ဧပြီလ ၂ ရက်

*ကချင် တက်ကြွလှုပ်ရှားသူတစ်ဦး လွတ်ရက်စေ့သဖြင့် လွတ်မြောက်၊ အီလဲဗင်း*
*ကချင် တက်ကြွလှုပ်ရှားသူတစ်ဦး လွတ်ရက်စေ့သဖြင့် လွတ်မြောက်၊ မဇ္ဈိမ*

## ဧပြီလ ၄ ရက်

*ရခိုင်လူငယ်ခြောက်ဦးကို ပြစ်ဒဏ်ချမှတ်၊ ဒီဗွီဘီ/မြန်မာ*

*ရခိုင်လူငယ်ခြောက်ဦးကို ပြစ်ဒဏ်ချမှတ်၊ ဧရာဝတီ/မြန်မာ*

*ရခိုင်လူငယ်ခြောက်ဦးကို ပြစ်ဒဏ်ချမှတ်၊ နိရှုရာ/မြန်မာ*

## ဧပြီလ ၅ ရက်

*ရခိုင်လူငယ်ခြောက်ဦးကို ပြစ်ဒဏ်ချမှတ်၊ နိရှုရာ*

*ကချင် တက်ကြွလှုပ်ရှားသူတစ်ဦး လွတ်ရက်စေ့သဖြင့် လွတ်မြောက်၊ မြန်မာတိုင်း/မြန်မာ*

## ဧပြီလ ၆ ရက်

*ရခိုင် လူငယ်ခြောက်ဦး ပြစ်ဒဏ်ချမှတ်ခံရ၊ နိရှုရာ/မြန်မာ*

*ဆုတောင်းပွဲ ကျင်းပခြင်းအတွက် တက်ကြွလှုပ်ရှားသူခြောက်ဦးကို တရားစွဲဆို၊ လွတ်လပ်သော အာရှအသံ*

## ဧပြီလ ၇ ရက်

*နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီစဉ်ဆောင်ရွက်၊ မြန်မာတိုင်း*
*နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီစဉ်ဆောင်ရွက်၊ လွတ်လပ်သော အာရှအသံ*
*နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီစဉ်ဆောင်ရွက်၊ ဧရာဝတီ*
*နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီစဉ်ဆောင်ရွက်၊ Coconuts Yangon*
*နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီစဉ်ဆောင်ရွက်၊ ဧရာဝတီ/မြန်မာ*
*နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီစဉ်ဆောင်ရွက်၊ ဗွီအိုအေ/မြန်မာ*
*နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီစဉ်ဆောင်ရွက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ*
*နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီစဉ်ဆောင်ရွက်၊ ဘီဘီစီ/မြန်မာ*
*နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီစဉ်ဆောင်ရွက်၊ ဘီဘီစီ/မြန်မာ*

## ဧပြီလ ၈ ရက်

*ဘာသာပေါင်းစုံချစ်ကြည်ရေးလှုပ်ရှားသူနှစ်ဦးကို ထောင်ဒဏ် နှစ်နှစ် ထပ်တိုးပြစ်ဒဏ် ချမှတ်၊ ဧရာဝတီ*

*ဘာသာပေါင်းစုံချစ်ကြည်ရေးလှုပ်ရှားသူနှစ်ဦးကို ထောင်ဒဏ် နှစ်နှစ် ထပ်တိုးပြစ်ဒဏ် ချမှတ်၊ လွတ်လပ်သော အာရှအသံ/မြန်မာ*

*ဘာသာပေါင်းစုံချစ်ကြည်ရေးလှုပ်ရှားသူနှစ်ဦးကို ထောင်ဒဏ် နှစ်နှစ် ထပ်တိုးပြစ်ဒဏ် ချမှတ်၊ မဇ္ဈိမ/မြန်မာ*

*ရခိုင် လူငယ်တစ်ဦးကို ပြစ်ဒဏ်ချမှတ်၊ နိရှုရာ/မြန်မာ*

*ရခိုင်လူငယ်ခြောက်ဦးကို ပြစ်ဒဏ်ချမှတ်၊ နိရှုရာ*

*ရခိုင်လူငယ်ခြောက်ဦးကို ပြစ်ဒဏ်ချမှတ်၊ မဇ္ဈိမ*

*လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ကျောင်းသားများနှင့် ဝန်းရံသူများ လွတ်မြောက်၊ ဒီဗွီဘီ*

*လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ကျောင်းသားများနှင့် ဝန်းရံသူများ လွတ်မြောက်၊ မဇ္ဈိမ*

*လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ကျောင်းသားများနှင့် ဝန်းရံသူများ လွတ်မြောက်၊ ဧရာဝတီ*

*လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ကျောင်းသားများနှင့် ဝန်းရံသူများ လွတ်မြောက်၊ မြန်မာတိုင်း*

*လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ကျောင်းသားများနှင့် ဝန်းရံသူများ လွတ်မြောက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ*

*လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ကျောင်းသားများနှင့် ဝန်းရံသူများ လွတ်မြောက်၊ ဗွီအိုအေ/မြန်မာ*

*လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ကျောင်းသားများနှင့် ဝန်းရံသူများ လွတ်မြောက်၊ ဗွီအိုအေ/မြန်မာ*

*လွတ်ရက်စေ့သဖြင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ လက်ထောက် အတွင်းရေးမှူးလွတ်မြောက်၊ မဇ္ဈိမ/မြန်မာ*

*တစ်ကိုယ်တော် ဆန္ဒပြသူတစ်ဦး လွတ်ရက်စေ့သဖြင့် လွတ်မြောက်၊ ဒီဗွီဘီ/မြန်မာ*

ကချင် တက်ကြွလှုပ်ရှားသူတစ်ဦး လွတ်ရက်စေ့သဖြင့် လွတ်မြောက်၊ မဇ္ဈိမ/မြန်မာ

ဆုတောင်းပွဲ ကျင်းပခြင်းအတွက် တက်ကြွလှုပ်ရှားသူခြောက်ဦးကို တရားစွဲဆို၊ အီလဲဗင်း/မြန်မာ

နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီစဉ်ဆောင်ရွက်၊ မဇ္ဈိမ

နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီစဉ်ဆောင်ရွက်၊ အီလဲဗင်း

နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီစဉ်ဆောင်ရွက်၊ မြန်မာတိုင်း

## ဧပြီလ ၁၀ ရက်

ရခိုင် လူငယ်တစ်ဦးကို ပြစ်ဒဏ်ချမှတ်၊ နိုရွှေရာ

## ဧပြီလ ၁၇ ရက်

ရခိုင်လူငယ်ခြောက်ဦးကို ပြစ်ဒဏ်ချမှတ်၊ ဘီဘီစီ/မြန်မာ
ရခိုင်လူငယ်ခြောက်ဦးကို ပြစ်ဒဏ်ချမှတ်၊ မဇ္ဈိမ/မြန်မာ
နိုင်ငံရေး အကျဉ်းသား ၈၃ ဦး သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်၊ ဒီဗွီဘီ
နိုင်ငံရေး အကျဉ်းသား ၈၃ ဦး သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်၊ မဇ္ဈိမ
နိုင်ငံရေး အကျဉ်းသား ၈၃ ဦး သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်၊ ဘီဘီစီ/မြန်မာ
နိုင်ငံရေး အကျဉ်းသား ၈၃ ဦး သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်၊ ဒီဗွီဘီ/မြန်မာ
နိုင်ငံရေး အကျဉ်းသား ၈၃ ဦး သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်၊ အီလဲဗင်း/မြန်မာ
နိုင်ငံရေး အကျဉ်းသား ၈၃ ဦး သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်၊ ဗွီအိုအေ/မြန်မာ

## ဧပြီလ ၁၈ ရက်

ရခိုင်လူငယ်ခြောက်ဦးကို ပြစ်ဒဏ်ချမှတ်၊ နိုရွှေရာ
နိုင်ငံရေး အကျဉ်းသား ၈၃ ဦး သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်၊ မဇ္ဈိမ
နိုင်ငံရေး အကျဉ်းသား ၈၃ ဦး သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်၊ နိုရွှေရာ
လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသား အရေအတွက်စာရင်းကို အသေးစိပ်ဖော်ပြပေးရန် နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့ တောင်းဆို၊ မဇ္ဈိမ/မြန်မာ

## ဧပြီလ ၁၉ ရက်

သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် နိုင်ငံရေး အကျဉ်းသား ၈၃ ဦး လွတ်မြောက်၊ မဇ္ဈိမ

## ဧပြီလ ၂၀ ရက်

နိုင်ငံရေး အကျဉ်းသား ၈၃ ဦး သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်၊ လွတ်လပ်သော အာရှအသံ

## ဧပြီလ ၂၁ ရက်

လွတ်ငြိမ်းသက်သာခွင့်ဖြင့် အမှုအများအပြား ရုပ်သိမ်း၊ ဧရာဝတီ

လွတ်ငြိမ်းသက်သာခွင့်ဖြင့် အမှုအများအပြား ရုပ်သိမ်း၊ ဒီဗွီဘီ/မြန်မာ

လွတ်ငြိမ်းသက်သာခွင့်ဖြင့် အမှုအများအပြား ရုပ်သိမ်း၊ လွတ်လပ်သော အာရှအသံ/မြန်မာ

လွတ်ငြိမ်းသက်သာခွင့်ဖြင့် အမှုအများအပြား ရုပ်သိမ်း၊ ဗွီအိုအေ/မြန်မာ

## ဧပြီလ ၂၂ ရက်

လွတ်ငြိမ်းသက်သာခွင့်ဖြင့် အမှုအများအပြား ရုပ်သိမ်း၊ မြန်မာတိုင်း

လွတ်ငြိမ်းသက်သာခွင့်ဖြင့် အမှုအများအပြား ရုပ်သိမ်း၊ The Global New Light of Myanmar

ရေပူဆရာတော်ကို သစ်တောဥပဒေ ၄၂(ခ) ဖြင့် တရားစွဲဆို၊ အီလဲဗင်း/မြန်မာ

## ဧပြီလ ၂၅ ရက်

ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရကို ထောင်ဒဏ် ခြောက်လ ချမှတ်၊ ဒီဗွီဘီ/မြန်မာ
ပိုင်နက်ကျူးလွန်မှုဖြင့် လယ်သမားရှစ်ဦး တရားစွဲဆိုခံရ၊ ဒီဗွီဘီ/မြန်မာ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အငြင်းပွားဖွယ် လယ်ယာမြေကိစ္စဆွေးနွေး၊ လွတ်လပ်သော အာရှအသံ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အငြင်းပွားဖွယ် လယ်ယာမြေကိစ္စဆွေးနွေး၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## ဧပြီလ ၂၆ ရက်

ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရကို ထောင်ဒဏ် ခြောက်လ ချမှတ်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရကို ထောင်ဒဏ် ခြောက်လ ချမှတ်၊ ဒီဗွီဘီ/မြန်မာ
ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရကို ထောင်ဒဏ် ခြောက်လ ချမှတ်၊ ဘီဘီစီ/မြန်မာ
ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရကို ထောင်ဒဏ် ခြောက်လ ချမှတ်၊ ဧရာဝတီ/မြန်မာ
ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရကို ထောင်ဒဏ် ခြောက်လ ချမှတ်၊ ဗွီအိုအေ
ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရကို ထောင်ဒဏ် ခြောက်လ ချမှတ်၊ ဒီဗွီဘီ
အထက်လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ဥပဒေများကို ပြန်လည် ဝေဖန်ဆန်းစစ်ခြင်း စတင်၊ ဧရာဝတီ
လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသား အရေအတွက်စာရင်းကို အသေးစိပ်ဖော်ပြပေးရန် နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့ တောင်းဆို၊ အီလဲဗင်း

## ဧပြီလ ၂၇ ရက်

ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရကို ထောင်ဒဏ် ခြောက်လ ချမှတ်၊ ဧရာဝတီ

*ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရကို ထောင်ဒဏ် ခြောက်လ ချမှတ်၊ မြန်မာတိုင်း*
*ဦးညီညီလွင် ခေါ် ဦးဂမ္ဘီရကို ထောင်ဒဏ် ခြောက်လ ချမှတ်၊ ဗွီအိုအေ/မြန်မာ*

ဧပြီလ ၂၈ ရက်

*အထက်လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ဥပဒေများကို ပြန်လည်ဝေဖန်ဆန်းစစ်ခြင်း စတင်၊ ဧရာဝတီ/မြန်မာ*


ဆက်သွယ်မေးမြန်းရန်

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

တိတ်နိုင် အတွင်းရေးမှူး +၆၆ (၀) ၈၁ ၂၈၇၈ ၇၅၁

ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅ (၀) ၉၄၂၅၃ ၀၈၈၄၀